## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများ

**၁။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်း**

(က) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်ကို (၂)နှစ်တစ်ကြိမ် သက်တမ်းတိုးရန် သတ်မှတ်ထားပါသည်။

(ခ) ဆေးဆိုင်လိုင်စင်သက်တမ်းမှာ(၃)နှစ်တစ်ကြိမ်ဖြစ်သည်။

(ဂ) သာမန်ထိန်းချုပ်ဆေးဝါး ရောင်းချခွင့်လိုင်စင်သက်တမ်းမှာ (၁)နှစ်လျှင် တစ်ကြိမ်ဖြစ်သည်။

(ဃ) သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၆၀)ကြိုတင်၍ သက်တမ်းတိုး လျှောက်ထားရပါမည်။

**၂။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းသက်တမ်းတိုးရာတွင် လိုအပ်ချက်များ**

(က) သက်တမ်းတိုးလျှောက်လွှာ

(ခ) ယခင်ရရှိပြီးသော လိုင်စင်မိတ္တူ

(ဂ) လျှောက်ထားသူ၏(---)လက်မရောင်စုံဓါတ်ပုံ(၄)ပုံ

(ဃ) တာဝန်ထမ်းဆောင်မည့်ကျန်းမာရေးဝန်ထမ်းများ

(င) တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများ၏ သက်တမ်းတိုးမြှင့်ပြီး လိုင်စင်မိတ္တူများ သတ်မှတ်လိုင်စင်ကြေးများကို မြန်မာ့စီးပွားရေးဘဏ်ရှိ သက်ဆိုင်ရာ မြို့နယ်ကုသရေးဦးစီးဌာနငွေထုတ်စာရင်းသို့ ပေးသွင်းထားသည့် ချလံမူရင်း။

**၃။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းပြစ်မှုပြစ်ဒဏ်**

(က) မည်သူမဆို ပုဂ္ဂလိကဆေးရုံလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်း ပြစ်မှု ထင်ရှားစီရင်ခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ်(၁)နှစ်မှ

အများဆုံး ထောင်ဒဏ်(၅)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) မည်သူမဆို ပုဂ္ဂလိကသားဖွားခန်းလုပ်ငန်း(သို့မဟုတ်) ပုဂ္ဂလိကဆေးခန်းလုပ်ငန်းကို လိုင်စင်မရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ်(၆)လမှ အများဆုံးထောင်ဒဏ်(၃)နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ဂ) မည်သူမဆိုပုဂ္ဂလိကဆေးရုံလုပ်ငန်း၊ သားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ်(၃)လမှ အများဆုံး ထောင်ဒဏ်(၁)နှစ်အထိ ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## ၄။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းပြစ်မှုပြစ်ဒဏ်

လိုင်စင်ရရှိသူမည်သူမဆို

(က) ပုဂ္ဂလိကဆေးရုံလုပ်ငန်းကို အကြောင်းပြု၍ သက်ဆိုင်ရာလိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည်နေရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့်ကိစ္စရပ်မှအပ အခြားလုပ်ငန်းတစ်ရပ်ရပ်ကို ခွင့်ပြုချက်(သို့မဟုတ်) လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်းပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် (၁)နှစ်မှ အများဆုံးထောင်ဒဏ်(၅)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းကို အကြောင်းပြု၍ သက်ဆိုင်ရာလိုင်စင်အရ ခွင့်ပြုထားသော လုပ်ငန်းလုပ်ကိုင်သည်နေရာတွင် တည်ဆဲဥပဒေ တစ်ရပ်ရပ်

အရ တားမြစ်ထားသည့်ကိစ္စရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

(ဂ ) လိုင်စင်ရရှိသူ မည်သူမဆို ဤဥပဒေအရ မိမိရရှိသော လိုင်စင်ကို သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးခွင့်ရှိသော ဗဟိုအဖွဲ့(သို့မဟုတ်) ပြည်နယ်/တိုင်းကြီးကြပ် ရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးအား လွှဲပြောင်းကြောင်း (သို့မဟုတ်) ငှားရမ်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၃)နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။